ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ (၁၁၆ / ၂၀၁၉)

၁၃၈၁ ခုနှစ် ၊ ဝါဆိုလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

ဦးစားပေးစက်မှုလက်မှုကဏ္ဍ ၉ ခု အောက်ရှိ လည်ပတ်ဆောင်ရွက်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံများ အတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲရန် အချိန်ကာလ တိုးမြှင့်သတ်မှတ်ခြင်း

၁။ ဦးစားပေးစက်မှုလက်မှုကဏ္ဍ ၉ ခု အောက်ရှိ လည်ပတ်ဆောင်ရွက်လျက်ရှိသော စက်ရုံ၊ အလုပ်ရုံများအတွက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan-EMP) ရေးဆွဲတင်ပြရန် အချိန်ကာလကို ဤဝန်ကြီးဌာန၏ ၁၀-၁-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၀၃/ ၂၀၁၈) ဖြင့် သတ်မှတ်ထုတ်ပြန်ပြီးဖြစ်ပါသည်။

၂။ အထက်ပါ အမိန့်ကြော်ငြာစာ (၀၃/ ၂၀၁၈) အရ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲတင်ပြရန် အကျုံးဝင်သည့် စက်ရုံ၊ အလုပ်ရုံများအနက် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲတင်ပြခြင်း မပြုရသေးသည့် စက်ရုံ၊ အလုပ်ရုံများသည် ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှ (၆) လအတွင်း နောက်ဆုံးထား၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲတင်ပြရန် အချိန်ကာလ တိုးမြှင့်သတ်မှတ်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာဖြင့် တိုးမြှင့်သတ်မှတ်သည့် အချိန်ကာလအတွင်း ဆောင်ရွက်ရန် လိုက်နာခြင်းမရှိသည့် သို့မဟုတ် ပျက်ကွက်သည့် စက်ရုံ၊ အလုပ်ရုံများအား တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိရောက်စွာ အရေးယူခြင်း သို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၂ အရ တရားစွဲဆိုခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ပုံ)အုန်းဝင်း

ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ (သစ်တော)၃(၂)/၁၆(ဃ)/( ၃၂၇၈ /၂၀၁၉)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇူလိုင်လ ၂၉ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတ(၁) ဦးစီးရုံး
ဒုတိယသမ္မတ(၂) ဦးစီးရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး

(..............................................................................................ဝန်ကြီးဌာန)

ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးပါရန်။
ဤဝန်ကြီးဌာနအောက်ရှိ လုပ်ငန်း/ ဦးစီးဌာနများအားလုံး

(..........................................................................)

အမိန့်ကြော်ငြာစာတွဲ

အမိန့်အရ

(ခင်မောင်ရီ)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သတ်မှတ်ထားရှိသော ဦးစားပေး စက်မှုလက်မှုကဏ္ဍ (၉) ခု အောက်ရှိ လက်ရှိလည်ပတ်ဆောင်ရွက်လျက်ရှိသော စက်ရုံများနှင့် အချိန်ကာလသတ်မှတ်မှုစာရင်း

| စဉ် | စက်ရုံ၊ အလုပ်ရုံ | | အချိန်ကာလ |
|---|---|---|---|
| | အမျိုးအစား | အရွယ်အစား | |
| ၁။ | အရက်၊ ဝိုင်၊ ဘီယာ ထုတ်လုပ်ခြင်းလုပ်ငန်း (Alcohol, Wine and Beer Production Factories) | တစ်ရက်လျှင် ထုတ်လုပ်မှုလီတာ ၅၀၀၀၀ နှင့် အထက် | ၆ လ |
| ၂။ | အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ခြင်းလုပ်ငန်း (Food and Beverage Processing Facilities) | ထုတ်လုပ်မှု တစ်ရက်လျှင် ၁၀ တန်နှင့်အထက် | ၆ လ |
| ၃။ | ပိုးသတ်ဆေးအမျိုးမျိုး ထုတ်လုပ်ခြင်း၊ ဖော်စပ်ခြင်းနှင့် ထည့်သွင်း ထုပ်ပိုးခြင်းလုပ်ငန်း (Pesticide Manufacturing, Formulation and Packaging Plants) | အရွယ်အစားအားလုံး | ၆ လ |
| ၄။ | ဘိလပ်မြေနှင့် ထုံးထုတ်လုပ်ခြင်းလုပ်ငန်း (Cement and Lime Manufacturing) | ဘိလပ်မြေ တစ်နာရီလျှင် တန် ၁၀ တန် နှင့်အထက်<br>ထုံးတစ်ရက်လျှင် တန် ၂၀ နှင့်အထက် | ၆ လ |
| ၅။ | အဝတ်အထည်နှင့် ဆေးဆိုးပန်းရိုက်လုပ်ငန်း (Textile and Dyeing Facilities)<br>(၁) လျှော်ဖွပ်ခြင်း၊ အရောင်ချွတ်ခြင်း၊ ပိုးချည်ထုတ်ခြင်း သို့မဟုတ် အဝတ်အထည်နှင့် ချည်ထည်များ ဆေးဆိုးခြင်းလုပ်ငန်း (Pre-treatment (Washing Bleaching, Mercerisation) or Dyeing of Textiles or Fibers) | တစ်ရက်လျှင် ၁ တန်နှင့်အထက် | ၆ လ |

| စဉ် | စက်ရုံ၊ အလုပ်ရုံ | | အချိန်ကာလ |
| --- | --- | --- | --- |
| | အမျိုးအစား | အရွယ်အစား | |
| ၆။ | သတ္တုအရည်ကျိုပုံလောင်းခြင်းလုပ်ငန်း (Foundry Industry) | | |
| | (၁) အခြေခံသတ္တုကျိုချက်ခြင်းနှင့် သန့်စင်ခြင်းလုပ်ငန်း (Base Metal Smelting and Refining Plant) | အရွယ်အစားအားလုံး | ၆ လ |
| | (၂) သံသတ္တုရိုင်း သို့မဟုတ် သတ္တုအပိုင်းအစများမှ သံရိုင်း၊ ကုန်ကြမ်းနှင့် ရောစပ်မှုနည်းသော သံမဏိထုတ်လုပ်ခြင်း ( Manufacture of Pig Iron, Raw and Low Alloy Steel from Iron Ore or Scrap Metal) | အရွယ်အစားအားလုံး | ၆ လ |
| | (၃) အရည်ကျိုစက်ရုံ (Foundry) | အရွယ်အစားအားလုံး | ၆ လ |
| | (၄) သံ မဟုတ်သော သတ္တုအရည်ကျိုခြင်း ၊ ပန်းပဲဖိုနှင့် ပန်းတိမ်လုပ်ငန်း (Non-Ferrous Metal Melting, Smithy and Filigree) | တစ်ရက်လျှင် ထုတ်လုပ်မှု ၅ တန်နှင့် အထက် | ၆ လ |
| ၇။ | သားရေနယ်စက်ရုံလုပ်ငန်း (Tanning and Leather Finishing) | အရွယ်အစားအားလုံး | ၆ လ |
| ၈။ | ပျော့ဖတ်နှင့်စက္ကူထုတ်လုပ်ခြင်း လုပ်ငန်း (Pulp and Paper Mill) | တစ်ရက်လျှင် ပျော့ဖတ် တန် ၂၀ နှင့်အထက် | ၆ လ |
| ၉။ | သကြားစက်ရုံလုပ်ငန်း (Sugar Manufacturing Plant) | တစ်ရက်လျှင် သန့်စင်ပြီး သကြားထုတ်လုပ်မှု တန် ၅၀ နှင့်အထက် | ၆ လ |